# ဓမ္မခန္ဓာ (၅၅) ကရုဏာရှင် (အလ် ရဟ်မာန်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၇)၊ သုတ်ဒေသနာ (၇၈)ပါး၊

ဦးဖြေးလွှင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **الرَّحْمَنُ** ۝<br>မဟာကရုဏာရှင်သည်– |
| ၂။ | **عَلَّمَ الْقُرْآنَ** ۝<br>ကုရ်အံကျမ်းတော်အား သင်ကြားပေး၏။[၁၀၂၂] |
| ၃။ | **خَلَقَ الْإِنسَانَ** ۝<br>လူသားအား ဖြစ်တည်စေ၏။ |
| ၄။ | **عَلَّمَهُ الْبَيَانَ** ۝<br>ရှင်းလင်းတင်ပြသည့် အတတ်ကို သင်ကြားပေး၏။ |
| ၅။ | **الشَّمْسُ وَالْقَمَرُ بِحُسْبَانٍ** ۝<br>နေနှင့် လတို့ကို တွက်ချက်သတ်မှတ်ထား၏။ |
| ၆။ | **وَالنَّجْمُ وَالشَّجَرُ يَسْجُدَانِ** ۝<br>ကြယ်တာရာများ၊ အပင်များသည် ဦးချနေရ၏။ |
| ၇။ | **وَالسَّمَاء رَفَعَهَا وَوَضَعَ الْمِيزَانَ** ۝<br>မိုးကောင်းကင်အား မြင့်မြောက်ထား၍၊ အတိုင်းအထွာ အံဝင်ဂွင်ကျဖြစ်စေ၏။ |
| ၈။ | **أَلَّا تَطْغَوْا فِي الْمِيزَانِ** ۝<br>သင်တို့သည် ထိုအတိုင်းအထွာကို စည်းဖျက်ခြင်း မပြုအပ်။ |
| ၉။ | **وَأَقِيمُوا الْوَزْنَ بِالْقِسْطِ وَلَا تُخْسِرُوا الْمِيزَانَ** ۝<br>အတိုင်းအထွာ၌ သမာသမတ် ရပ်တည်ကြလော့၊ အတိုင်းအထွာအား မယုတ်လျော့စေလင့်။ |
| ၁၀။ | **وَالْأَرْضَ وَضَعَهَا لِلْأَنَامِ** ۝<br>မြေကမ္ဘာအား သတ္တဝါတို့အတွက် အံဝင်ဂွင်ကျ ဖြစ်စေ၏။ |

---

(၁၀၂၂) လူသားအား ကျမ်းမြတ်ကုရ်အံကို သင်ကြားပေးသော အရှင်မှာ ပရမတ်ဘုရားရှင် ဖြစ်သော ကရုဏာရှင် ဖြစ်သည်ဟု ဤသုတ်တော်တွင် အတိအကျ ပြောထားသည့် အတွက် ၅၃း၅ မှ ကိုယ်တော်အား ကျမ်းတော်ဆောင် ဉာဏ်စဉ်တော်အားပေးသော အရှင်မှာ အလ္လာဟ်အရှင် (ပရမတ်ဘုရားရှင်)သာလျှင် ဖြစ်ပေသည်။ ကောင်းကင်တမန်တော် (နတ်ဒေဝတာ) မဟုတ်ပေ။

| | |
|---|---|
| ၁၁။ | فِيهَا فَاكِهَةٌ وَالنَّخْلُ ذَاتُ الْأَكْمَامِ۝<br>ထိုဝ္ဌ သစ်သီးများနှင့် အနှံထွက် စွံပလွန်ပင်များ ရှိစေ၍၊ |
| ၁၂။ | وَالْحَبُّ ذُو الْعَصْفِ وَالرَّيْحَانُ۝<br>ကောက်ပဲသီးနှံနှင့် ဟင်းခတ်အမွှေးအကြိုင် ဘယဆေးပင်များလည်း ရှိစေ၏။ |
| ၁၃။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۝<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၁၄။ | خَلَقَ الْإِنسَانَ مِن صَلْصَالٍ كَالْفَخَّارِ۝<br>အရှင်သည် လူသားအား အိုးခတ်သော ကျက်သော ပထဝီဓါတ်မှ ဖြစ်တည်စေ၏။[၁၀၂၃] |
| ၁၅။<br>☆၇း၁၂<br>၃၇း၁၁ | وَخَلَقَ الْجَانَّ مِن مَّارِجٍ مِّن نَّارٍ۝<br>ပုတုဇဉ်ကို မီးတောက် တေဇောဓါတ်မှ ဖြစ်တည်စေ၏။☆ |
| ၁၆။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۝<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၁၇။ | رَبُّ الْمَشْرِقَيْنِ وَرَبُّ الْمَغْرِبَيْنِ۝<br>အရှင်သည် နေထွက်ရာ နှစ်ဘက်၊ နေဝင်ရာ နှစ်ဘက်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ |
| ၁၈။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۝<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၁၉။ | مَرَجَ الْبَحْرَيْنِ يَلْتَقِيَانِ۝<br>ပင်လယ်နှစ်ပြင်ကို စီးဆင်း ပေါင်းဆုံစေ၏။ |
| ၂၀။ | بَيْنَهُمَا بَرْزَخٌ لَّا يَبْغِيَانِ۝<br>ထိုနှစ်ခုကြား၌ စည်းကျော်ဖျက်ခြင်း မရှိစေရန် တံတိုင်းကာပေးထား၏။ |
| ၂၁။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۝<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၂၂။ | يَخْرُجُ مِنْهُمَا اللُّؤْلُؤُ وَالْمَرْجَانُ۝<br>၎င်းတို့မှ ပုလဲရတနာ သန္တာတို့ကို ထွက်စေတော်မူ၏။ |

(၁၀၂၃) ဤသုတ်တော်မှ “အိုးခတ်သော ကျက်သော ပထဝီဓါတ်မှ” ဆိုသည်ကို အချို့ဆရာတော်ကြီးများက “အသံမြည်သော ခြောက်သွေ့သော မြေမှ” ဟု ပြန်ဆိုကြပေသည်။ အိုးခတ်သော အခါ ထုထောင်းရာ၌ အသံမြေသော သဘောနှင့် ခြောက်သွေ့ရန် မီးဖုတ်ခြင်းသဘောများကို ငုံမိ စေရန် ပြန်ဆိုခြင်း ဖြစ်ပေသည်။ ကမ္ဘာမြေကြီးမှ အသံမြည်သည် ဆိုခြင်းကို ဗဟုသုတ၌ အားနည်းသူတို့က ကုရ်အံကျမ်းတွင် ယုတ္တိမရှိသည်ကို ဖေါ်ပြ ထားသည်ဟု စွပ်စွဲမှုများလည်း ရှိနေပေသည်။ ကမ္ဘာမြေကြီးသည် အသံမြည် ငြီးတွားကြောင်းကို ယခုအခါ သိပ္ပံပညာရှင်များက လက်ခံထားပြီး ဖြစ် ပေသည်။ အင်တာနက်ပေါ်မှ Earth cry hear from alien ဆောင်းပါးကို ဖတ်ရှုပါ။ ထို့ပြင် လူသားဟုသော အင်ဆန်းန် ဟူသည် ကလျာဏ ပု တုဇဉ် ဟု ဖြစ်၍ သူ့ကို ဖြစ်တည်စေရာ၌လည်း ကျက်သော ဟု ပြောထားသောကြောင့် မီးဓါတ်ပါဝင်သည်ပင်။ သို့သော် ထိုမီးမှာ အသားသေ နေသည့် သဘောဖြစ်၍– ပူလောင်မှုအား တစ်စုံတစ်ရာ ထိန်းချုပ်နိုင်စွမ်း ရှိနေပြီဟု ဖြစ်ပေသည်။ ဂျင် ဟု ခေါ်သည့် အန္တပုတုဇဉ်သည်မှု ပူလောင် ခြင်းသဘောအား ထိန်းချုပ်နိုင်မှု အင်အားနည်းသောကြောင့် သူ့အား ဖြစ်တည်ရာ၌ မီး (တေဇောဓါတ်)အား အသားပေး ဖေါ်ပြခြင်း ဖြစ်သည်။

| | |
|---|---|
| ၂၃။ | **فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ**<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၂၄။ | **وَلَهُ الْجَوَارِ الْمُنشَآتُ فِي الْبَحْرِ كَالْأَعْلَامِ**<br>တောင်လုံးပမာ လှိုင်းများအတွင်း အောင်လံလွှင့်သော ရေယာဉ်တို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ |
| ၂၅။ | **فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ**<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၂၆။ | **كُلُّ مَنْ عَلَيْهَا فَانٍ**<br>အားလုံးကိုယ်စီ ထိုသင်္ခါရပေါ်၌ ရှိ၏။[၁၀၂၄] |
| ၂၇။ | **وَيَبْقَى وَجْهُ رَبِّكَ ذُو الْجَلَالِ وَالْإِكْرَامِ**<br>နောက်ဆုံးတွင် ဂုဏ်အရှိဆုံး အမြင့်မြတ်ဆုံး ဖြစ်တော်မူသော ကံကြမ္မာရှင်၏ ဥပတိသာ တည်ရှိလေတ္တံ့။ |
| ၂၈။ | **فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ**<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၂၉။<br>☆၁၁:၄ | **يَسْأَلُهُ مَن فِي السَّمَاوَاتِ وَالْأَرْضِ كُلَّ يَوْمٍ هُوَ فِي شَأْنٍ**<br>မိုးများနှင့် မြေကမ္ဘာအတွင်း ရှိသမျှသည် အရှင့်ထံ၌ ခိုကိုးနေရ၏၊ အရှင်သည် ကာလတစ်ခုစီတိုင်း၌☆ စီမံလျှက်ရှိ၏။ |
| ၃၀။ | **فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ**<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၃၁။ | **سَنَفْرُغُ لَكُمْ أَيُّهَا الثَّقَلَانِ**<br>ငါအရှင်သည် သင်တို့ဘက်သို့ လှည့်တော်မူမည်၊ အို–ဝန်ထမ်းစုတို့။[၁၀၂၅] |
| ၃၂။ | **فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ**<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၃၃။ | **يَا مَعْشَرَ الْجِنِّ وَالْإِنسِ إِنِ اسْتَطَعْتُمْ أَن تَنفُذُوا مِنْ أَقْطَارِ السَّمَاوَاتِ وَالْأَرْضِ فَانفُذُوا لَا تَنفُذُونَ إِلَّا بِسُلْطَانٍ**<br>အို ပြည့်ကျပ်နေသော ပုတုဇဉ်နှင့် လူသားတို့၊ သင်တို့သည် မိုးများနှင့် မြေကမ္ဘာ၏ ပရဝုဏ်မှ ဖေါက်ထွက်သွားနိုင်လျှင် ဖေါက်ထွက်သွားကြလော့၊ ငါအရှင်၏ အခွင့်အာဏာမရဘဲ ဖေါက်ထွက်သွားနိုင်မည် မဟုတ်ချေ။ |

**(၁၀၂၄)** အရာအားလုံးသည် မမြဲခြင်း သင်္ခါရများသာ ဖြစ်၍ နောက်ဆုံးစွန်တွင် ထိုသင်္ခါရအစုတို့သည် ပျက်စီးသွားရမည် ဖြစ်ပြီး အသင်္ခါရဖြစ်သော ပရမတ်ဘုရားရှင် (အလ္လာဟ်)သာလျှင် တည်ရှိနေမည် ဖြစ်သည်။

**(၁၀၂၅)** ဤသုတ်တော်မှ **ဆာကလာနိ** ကိုဆရာတော်ကြီး အများစုက "လူနှင့် ဂျင်တို့"ဟု ဘာသာပြန်ဆိုကြပေသည်၊ ထိုစကားလုံးသည်–လူသားတွင် တင်နေသော ဝန်ထုပ်ပစ္စည်း၊ ပါတီ၊ အမှုထမ်းများ ဟု အနက်ကိုပေးသည့် **ဆာကလ်**၏ နှစ်ခုပြကိန်း ဖြစ်ပေသည်။ ထို့ကြောင့် ဆရာတော်ကြီးများက လူသားနှင့် ဂျင်တို့သည် အရှင်၏ အမှုထမ်းများ သို့မဟုတ် ဝန်ဆောင်ထားရသော လူသားနှင့် ဂျင်များဟူသော သဘောဖြင့် ပြန်ဆိုခြင်း ဖြစ်ပေသည်။ တိုက်ရိုက်အဓိပ္ပါယ်မှာမူ ဝန်ဆောင်ထားရသော အုပ်စုနှစ်ခု ဟု ဖြစ်ပေသည်။ အာရဗ်တို့သည် နိုင်ငံခြားသားများကို ဂျင်ဟု ခေါ်ကြပေသည်။ (ဖ်း၁၀၀ တွင် ဂျင် ဖွင့်ဆိုချက်ကို ကြည့်ပါ။)

| | |
|---|---|
| ၃၄။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၃၅။<br>☆၃၇း၁၀ | يُرْسَلُ عَلَيْكُمَا شُوَاظٌ مِّن نَّارٍ وَنُحَاسٌ فَلَا تَنتَصِرَانِ۞<br>သင်တို့အပေါ်သို့ မီးနှင့် သတ္တု ပစ်ဒုံးများကို စေစားလတ္တံ့၊☆ သင်တို့သည် ခုခံကာကွယ်နိုင်မည် မဟုတ်ချေ။ |
| ၃၆။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၃၇။ | فَإِذَا انشَقَّتِ السَّمَاءُ فَكَانَتْ وَرْدَةً كَالدِّهَانِ۞<br>မိုးကောင်းကင်သည် အက်ကွဲလျှက် အနီရောင် နှင်းဆီနီကဲ့သို့ ဖြစ်လာသောအခါ။[၁၀၂၆] |
| ၃၈။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၃၉။ | فَيَوْمَئِذٍ لَّا يُسْأَلُ عَن ذَنبِهِ إِنسٌ وَلَا جَانٌّ۞<br>ထိုနေ့ကာလ၌ လူသားနှင့် ပုတုဇဉ်တို့သည် မိမိ၏ ပြစ်မှုများကို မေးမြန်းခြင်းခံရမည် မဟုတ်ချေ။ |
| ၄၀။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၄၁။ | يُعْرَفُ الْمُجْرِمُونَ بِسِيمَاهُمْ فَيُؤْخَذُ بِالنَّوَاصِي وَالْأَقْدَامِ۞<br>ရာဇဝတ်ကောင်တို့အား သူတို့၏ အမှတ်အသားအားဖြင့် သိသာစေလတ္တံ့။ သူတို့အား ငယ်ထိပ်ဆံနှင့် ဖနောင့်များကို သုတ်ငင်ခံရလတ္တံ့။[၁၀၂၇] |
| ၄၂။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၄၃။ | هَٰذِهِ جَهَنَّمُ الَّتِي يُكَذِّبُ بِهَا الْمُجْرِمُونَ۞<br>ဤသည် ရာဇဝတ်ကောင်တို့ ငြင်းဆန်လေ့ရှိသည့် ငရဲဘုံပင် ဖြစ်၏။ |
| ၄၄။ | يَطُوفُونَ بَيْنَهَا وَبَيْنَ حَمِيمٍ آنٍ۞<br>သူတို့သည် ပူပြင်းသော ကျွက်ကျွက်ဆူရေကြား၌ လှည့်ပတ်နေရလတ္တံ့။ |
| ၄၅။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၄၆။ | وَلِمَنْ خَافَ مَقَامَ رَبِّهِ جَنَّتَانِ۞ |

**(၁၀၂၆)** ပျက်သုဉ်းလုဆဲ ဂြိုလ်တစ်ခုသည် နှင်းဆီ နီရောင်ရှိကြောင်းကို သိပ္ပံပညာရှင်များ တွေ့ရှိပြီ ဖြစ်သည်၊ Red Rose Nebular ဟု ခေါ်ပေသည်။

**(၁၀၂၇)** မကောင်းမှုကို ကြံစည်သော အကြံများသည် ဦးခေါင်း၏ ငယ်ထိပ်ဖျားရှိ အာရုံမှ လှုံ့ဆော် ဖြစ်ပေါ်စေကြောင်းကို ယခုအခါ ဆေးသိပ္ပံ ပညာရှင်များ တွေ့ရှိထားပြီ ဖြစ်သည်။

| | |
|---|---|
| | ကံကြမ္မာရှင်နှင့် ဆုံတွေ့ရမည်ကို ကြောက်ရွံ့ရိုကျိုးခြင်း ရှိသူအဖို့ ဥယျာဉ်နှစ်ခု ရှိ၏။[၁၀၂၈] |
| ၄၇။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၄၈။ | ذَوَاتَا أَفْنَانٍ۞<br>အမျိုးမျိုးအဖုံဖုံ ပြည့်နှက်နေသော– |
| ၄၉။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၅၀။<br>ဥယျာဉ် | فِيهِمَا عَيْنَانِ تَجْرِيَانِ۞<br>**ထို**နှစ်ခု၌ စိမ့်စမ်းများ စီးဆင်းလျက် ရှိ၏။ |
| ၅၁။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၅၂။<br>ဥယျာဉ် | فِيهِمَا مِن كُلِّ فَاكِهَةٍ زَوْجَانِ۞<br>**ထို**နှစ်ခု၌ သစ်သီးအစုံစုံ စုဖွဲ့လျက် ရှိ၏။ |
| ၅၃။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၅၄။ | مُتَّكِئِينَ عَلَى فُرُشٍ بَطَائِنُهَا مِنْ إِسْتَبْرَقٍ وَجَنَى الْجَنَّتَيْنِ دَانٍ۞<br>နားနေခုံများပေါ် အနားယူလျက် သူတို့၏ အတွင်းခံများသည် ပိုးဖဲ ကတ္တီပါတို့ ဖြစ်၏၊ ဥယျာဉ်နှစ်ခုမှ သီးနှံတို့သည် လက်တစ်မိုက်၌ ရှိကြ၏။ |
| ၅၅။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၅၆။ | فِيهِنَّ قَاصِرَاتُ الطَّرْفِ لَمْ يَطْمِثْهُنَّ إِنسٌ قَبْلَهُمْ وَلَا جَانٌّ۞<br>ထို၌ သူတို့မတိုင်မီ လူသားနှင့် ပုတုဇဉ်တို့ မထိတွေ့ဘူးသော စက္ခုအိန္ဒြေတည်ငြိမ် သူတို့ရှိ၏။[၁၀၂၉] |
| ၅၇။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၅၈။ | كَأَنَّهُنَّ الْيَاقُوتُ وَالْمَرْجَانُ۞<br>သူတို့သည် ပတ္တမြား– သန္တာကဲ့သို့ ဖြစ်၏။ |

**(၁၀၂၈)** ဥယျာဉ် နှစ်ခုဆိုသည်မှာ လောကီဘဝ၌ ခံစားရသော သာယာစိုပြေခြင်းနှင့် လောကုတ္တရာ၌ စံစားရမည့် သာယာသော ဘဝကို ဆိုလိုဖြင်း ဖြစ‌ပေသည်။

**(၁၀၂၉)** ထိုအဖေါ်များ ဆိုသည်မှာ လောကီဘဝနှင့် လောကုတ္တရာ ဘဝ သာယာမှုများကို ရည်ညွှန်းသည့် ဥယျာဉ်နှစ်ခုတွင် ရှိနေမည်ဟု ဆိုထားသောကြောင့် နောင်ဘဝတွင်မှ နိဗ္ဗာန်ဘုံတွင် ဆုံရမည့် နတ်သမီးများဟု ဆိုလိုခြင်း လုံးဝ မဟုတ်ချေ။ (၅၂း၂၀၊ ၂၄) တွင်ကြည့်ပါ။

| | |
|---|---|
| ၅၉။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၆၀။ | هَلْ جَزَاءُ الْإِحْسَانِ إِلَّا الْإِحْسَانُ۞<br>ကောင်းမှုတို့အတွက် အစားပေးခြင်းသည် ကောင်းမှုများမှအပ အခြား ဖြစ်မည်လော။ |
| ၆၁။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၆၂။ | وَمِن دُونِهِمَا جَنَّتَانِ۞<br>ထိုင်္ဂ ယှဉ်တွဲလျှက် ဥယျာဉ်နှစ်ခု ရှိ၏။[၁၀၃၀] |
| ၆၃။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၆၄။ | مُدْهَامَّتَانِ۞<br>စိမ်းစို ညို့မှိုင်းလျှက် ရှိ၏။ |
| ၆၅။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၆၆။ | فِيهِمَا عَيْنَانِ نَضَّاخَتَانِ۞<br>ထိုနှစ်ခု၌ စိမ့်စမ်းနှစ်သွယ် ပန်းထွက်လျှက် ရှိ၏။ |
| ၆၇။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၆၈။ | فِيهِمَا فَاكِهَةٌ وَنَخْلٌ وَرُمَّانٌ۞<br>ထိုနှစ်ခု၌ သစ်သီးများ စွန်ပလွံသီးများ ပုလဲသီးများပြွန်းလျှက် ရှိ၏။ |
| ၆၉။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၇၀။ | فِيهِنَّ خَيْرَاتٌ حِسَانٌ۞<br>ထို၌ ကောင်းမြတ် ကောင်းမွန်သူတို့ ရှိ၏။ |
| ၇၁။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၇၂။<br>☆၄၄:၅၄ | حُورٌ مَّقْصُورَاتٌ فِي الْخِيَامِ۞<br>ဘုံပြသဒ်တို့၌ အဖြူထည် စောင့်တည်ထားသူများ ရှိ၏။☆ |

(၁၀၃၀) ထိုင်္ဂ ယှဉ်တွဲလျှက် ဥယျာဉ်နှစ်ခု ရှိ၏ ဆိုသည်မှာ ကောင်းမှုများနှင့် ယှဉ်တွဲလျှက် သာယာသော ဘဝနှစ်ခုရှိ၏ ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၇၃။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၇၄။ | لَمْ يَطْمِثْهُنَّ إِنسٌ قَبْلَهُمْ وَلَا جَانٌّ ۞<br>သူတို့မတိုင်မီ ၎င်းတို့အား လူသားနှင့် ပုတုဇဥ်တို့ မထိတွေ့ဘူးချေ။[၁၀၃၁] |
| ၇၅။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၇၆။ | مُتَّكِئِينَ عَلَى رَفْرَفٍ خُضْرٍ وَعَبْقَرِيٍّ حِسَانٍ ۞<br>၎င်းတို့သည် မြစိမ်းရောင် မှီအုံးများနှင့် ကောင်းမွန်သော ကော်ဇောများပေါ်တွင် နားနေကြ၏။ |
| ၇၇။ | فَبِأَيِّ آلَاءِ رَبِّكُمَا تُكَذِّبَانِ ۞<br>သို့ပါလျှက် သင်တို့ ကံကြမ္မာရှင်၏ ကျေးဇူးတော်များမှ မည်သည်ကို ငြင်းဆန်အံ့နည်း။ |
| ၇၈။ | تَبَارَكَ اسْمُ رَبِّكَ ذِي الْجَلَالِ وَالْإِكْرَامِ ۞<br>ဂုဏ်အရှိဆုံး အမြင့်မြတ်ဆုံး အရှင်ဖြစ်သည့် ကံကြမ္မာရှင်၏ ဂုဏ်တော်သည် ကျက်သရေရှိလှပေ၏။ |

---

**(၁၀၃၁)** ဤသုတ်တော်နှင့် သုတ်တော် ၅၆ တွင် ၎င်းတို့အား လူသားနှင့် ပုတုဇဥ်တို့ မထိတွေ့ဘူးချေ၊ ဆိုသည်ကို ၎တို့သည် အမျိုးသမီး နတ်ကညာများ ဖြစ်သည်– ၎င်းတို့သည် မည်သူ တစ်ဦးတစ်ယောက်နှင့်မျှ ကာမဆက်ဆံဘူးသော အပျိုစင်များ ဖြစ်သည်ဟု မခဲ့ကားသင့်ပေ၊ ထိုစကားလုံး၏ ဆိုလိုချက်မှာ အပြစ်မကင်းသူများနှင့် ပေါင်းသင်းဆက်ဆံ လူမှုရေးဝန် ဖွဲ့စည်းတည်ဆောက်ထားခြင်း မရှိသော ပကတိ သန့်ရှင်းသော အပြစ်ကင်းသော သူမွန်များ ဖြစ်သည်ဟု ဆိုလိုခြင်းသာ ဖြစ်ပေသည်။